*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုမှ ရိုးဂုဏ်ဖြင့် ရသမြောက်အောင်ဖန်တီးမှု လေ့လာချက်

ဖြူဖြူငြိမ်းသွယ်[၁]

**စာတမ်းအကျဉ်း**

ဤသုတေသနစာတမ်းသည် မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုတွင် စာရေးသူသည် ရိုးဂုဏ်မြောက်စွာ ရေးသားဖန်တီးမှုကြောင့် ရသမြောက်ကြောင်း လေ့လာတင်ပြ ထားသောစာတမ်း ဖြစ်ပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ဝတ္ထုတစ်ပုဒ်ဖန်တီးရာတွင် ဆန်းသစ်တီထွင်မှုများ၊ လှည့်ကွက်များ၊ အဆင်တန်ဆာစကားအသုံးအနှုန်းများကြောင့်သာ ရသမြောက်နိုင်သည်မဟုတ်ဘဲ ရိုးရှင်းသော ဇာတ်လမ်းဇာတ်ဆောင် ကာလဒေသ နောက်ခံဖန်တီးမှု၊ ရိုးရှင်းသောစကားအသုံးအနှုန်း စသည့် ရိုးဂုဏ်ကြောင့်လည်း ရသမြောက်အောင် ရေးဖွဲ့နိုင်ကြောင်း ဖော်ထုတ်တင်ပြလိုခြင်းဖြစ်သည်။ ဤဝတ္ထု၏ ဝတ္ထုတိုဖန်တီးမှုကို လေ့လာရာတွင် သမားရိုးကျ လေ့လာမှုရှုထောင့်မှ မဟုတ်ဘဲ ဆန်းသစ် သော အမြင်ရှုထောင့်မှ လေ့လာတင်ပြထားသည်။ သုတေသနရလဒ်အဖြစ် ဝတ္ထုတိုကောင်း တစ်ပုဒ်သည် စာရေးသူ၏ စိတ်ခံစားမှုကြောင့် ဖြစ်ပေါ်လာသည့် တစ်ခုတည်းသောအကြောင်းအရာကို ဇာတ်ဆောင် အနည်းငယ်ဖြင့် ရိုးရှင်းစွာရိုးဂုဏ်မြောက်အောင် ရေးဖွဲ့ခြင်းဖြင့် ထူးခြားမှုတစ်ခုခုကို ရရှိခံစားကာ ရသ မြောက်စေနိုင်ကြောင်း တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ။** ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ စကားအသုံးအနှုန်း၊ ရိုးဂုဏ်၊ ရသ။

## နိဒါန်း

မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုတိုသည် ဖခင်တစ်ယောက်၏ မေတ္တာ၊ သားအဖနှစ်ယောက်၏ မေတ္တာကို လွမ်းမောဖွယ် ရသမြောက်အောင် ဖန်တီးရေးဖွဲ့နိုင်သော နှစ်သစ်ဖွယ် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်သည်။ ဤဝတ္ထုတိုကို ဖတ်ရှုပြီးနောက် အဘယ်ကြောင့် ရသမြောက်ကြောင်း၊ အဘယ်ကြောင့် နှစ်သစ်ဖွယ်ဝတ္ထုတိုကောင်းဖြစ်ရကြောင်း၊ ထိုသို့ရသမြောက်၍ နှစ်လိုဖွယ်ဖြစ်အောင် စာရေးသူကမည်သို့ ဖန်တီးထားကြောင်းကို လေ့လာဆန်းစစ်လိုစိတ်များ ဖြစ်ပေါ်လာခဲ့ပါသည်။ ဤစာတမ်းသည် မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်ကို မျှားတဲ့ညနေ" ဝတ္ထုတိုသည်အဘယ်ကြောင့် ရသမြောက်ပြီး နှစ်သစ်ဖွယ်ဖြစ်ရကြောင်းကို လေ့လာဆန်းစစ် တင်ပြထားသော တမ်းဖြစ်ပါသည်။ ဤသို့ လေ့လာရာတွင် ဝတ္ထုတိုဖန်တီးမှု အတတ်ပညာနည်းနာများဖြင့် လေ့လာသည့်အခါ ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်စရိုက်၊ ကာလဒေသနောက်ခံတို့မှာ များစွာထူးခြားလှသည်မဟုတ်ဘဲ ရိုးရှင်းစွာဖန်တီး ရေးသားထားသော "ရိုးဂုဏ်" သည်သာ ထင်ရှားစွာ ထွက်ပေါ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အောက်ပါသုတေသနမေးခွန်းများ ပေါ်ထွက်လာပါသည်။

- အဘယ်ကြောင့် ရိုးရှင်းသော ရေးဟန်ဖြင့် ရသမြောက်သနည်း။
- "ရိုးဂုဏ်" သည် ရသမြောက်စေသလော။
- ဝတ္ထုတိုဖန်တီးမှုအတတ်ပညာတွင် "ရိုးဂုဏ်" ၏ အခန်းကဏ္ဍ မည်သို့ရှိသနည်း။

[၁] မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်

တို့ ဖြစ်ပါသည်။

ဤဝတ္ထုတိုသည် မြစ်ကျိုးအင်း၏ ဝတ္ထုတိုအမျိုးသားစာပေဆုရ စာအုပ်ပါ ဝတ္ထုတို ၁၆ ပုဒ်မှ တစ်ပုဒ်အပါအဝင်ဖြစ်ပြီး စာအုပ်အမည်ကိုလည်း ဤဝတ္ထုတိုခေါင်းစဉ်ဖြင့်ပင် ပေးထားပါသည်။ "မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဟူသောခေါင်းစဉ်သည် ရိုးရှင်းသော စကားလုံးများကိုသာ အသုံးပြု ထားသော်လည်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆွဲဆောင်နိုင်သော ခေါင်းစဉ်ဖြစ်သည်။ ဝတ္ထုမဖတ်မီကပင် "မျှော်လင့်ခြင်းကို မည်သို့မျှားမည်နည်း" ဟူသောသိလိုစိတ်ကို ဖြစ်ပေါ်စေပါသည်။ စာတမ်းရှင် ကိုယ်တိုင်သိလိုစိတ် ဖြစ်သောကြောင့် ဤဝတ္ထုကိုဖတ်ခဲ့ပါသည်။ ဝတ္ထုတွင်ရိုးရှင်းသော အသုံးအနှုန်းများ၊ အများနားလည်နိုင်သော အပြောသုံး စကားလုံးများကို အများဆုံးအသုံးပြု၍ ရေးသားထားကြောင်း တွေ့ရသည်။ ဝတ္ထု၏ခေါင်းစဉ်သည် ဆန်းသစ်သော်လည်း ဝတ္ထုကိုဇာတ်လမ်းသွား၊ ဇာတ်ဆောင်တို့၏ အမူအရာ၊ ကာလနှင့်ဒေသနောက်ခံတို့ကို ရိုးရှင်းစွာ ရေးသားထားသည်။ ထိုရိုးရှင်းသော အသုံးများ ကြောင့် ဝတ္ထုတစ်ပုဒ်လုံး ဖတ်ပြီးသောအခါ ရင်ထဲတွင် ခံစားချက်တစ်ခု ဖြစ်ပေါ်လာသည်။ ထိုရိုးရှင်း သော ရိုးဂုဏ်ကပင ရသကိုဖန်တီးပေးနိုင်ကြောင်း သိလာရသည်။ ထို့ကြောင့်လည်း ဤသုတေသနကို ပြုလုပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ သုတေသနပြုရာတွင် သုတေသနမေးခွန်းများကို အဖြေရှာရန်အတွက် ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ၊ ရေးဟန်နည်းနာ၊ စကားအသုံးအနှုန်းတို့ဖြင့် ချိန်ထိုးလေ့လာ အဖြေ ရှာကာ တင်ပြထားပါသည်။

ဤစာတမ်းတွင် နောက်ခံအချက်အလက်များ၊ စိစစ်လေ့လာချက်၊ သုတေသနရလဒ်နှင့် သုံးသပ်ချက်ဟူ၍ သုံးပိုင်းခွဲကာ လေ့လာတင်ပြမည်ဖြစ်ပါသည်။

**နောက်ခံအချက်အလက်များ**

နောက်ခံအချက်အလက်များကို ဖော်ပြရာတွင် စာရေးသူအတ္ထုပ္ပတ္တိအကျဉ်းနှင့်ဝတ္ထုတို ပါဝင် သည့် စာစောင်၊ စာအုပ်မိတ်ဆက်ကို တင်ပြထားပါသည်။

**စာရေးသူအတ္ထုပ္ပတ္တိအကျဉ်းနှင့် ဝတ္ထုတိုပါဝင်သည့်စာစောင်၊ စာအုပ် မိတ်ဆက်**

"မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ" ဝတ္ထုရေးသားသူမှာ စာရေးဆရာမြစ်ကျိုးအင်းဖြစ်သည်။ ဤ ဝတ္ထုသည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ပထမအကြိမ်ပါရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဝတ္ထုတိုပေါင်းချုပ်တွင် ပါဝင်သည်။ ၂၀၁၈ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုတိုဆုရ ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဤဝတ္ထုတို ပေါင်းချုပ်ကို ၁၂ ကြိမ်တိုင်တိုင် ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည်။

ဆရာမြစ်ကျိုးအင်း၏ အမည်ရင်းမှာ သက်ပိုင်စိုးဖြစ်သည်။ အဖဦးစိုးလင်းနှင့် အမိ ဒေါ်ကြည်ကြည်ဝင်းတို့မှ ၁၉၈၁ ခုနှစ်တွင် သံလျင်မြို့တွင်ဖွားမြင်သည်။ ၂၀၀၈ ခုနှစ်မှစ၍ 'မြစ်ကျိုးအင်း' ကလောင်အမည်ဖြင့် ဘလော့ဂ် (Blog) ပေါ်တွင် ဝတ္ထုတိုများရေးကာ Blogger တစ်ဦးဖြစ်လာသည်။ ၂၀၁၁ ခုနှစ် မေလထုတ်"ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်း" ပါ "ကမ္ဘာပျက်ခြင်း" ဝတ္ထုတိုဖြင့် စာပေလောက သို့ စတင်ရောက်ရှိလာခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အကောင်းဆုံးရသစာပေ ဘလော့ဂ် (Blog) အကယ်ဒမီ ဆု (Myanmar Blog Academy Award) ကိုရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရွှေအမြုတေ ဝတ္ထုရှည်

စာပေဆုကို "ကြံ့ဖတ်များ" ဝတ္ထုရှည်ဖြင့် ရရှိခဲ့သည်။ လက်ရှိတွင် သံလျင်မြို့တွင်နေထိုင်လျက်ရှိသည်။ သံလျင်မြို့ဇာတိဖြစ်သည့် အားလျော်စွာ "မျှော်လင့်ခြင်းကို မျှားတဲ့ညနေ" ဝတ္ထုပါ ငါးမျှားရာကန်ကြီးသည် သံလျင်ရေနံချက် စက်ရုံအနီးတွင် အင်္ဂလိပ်လက်ထက်ကပင် ရှိခဲ့သောကန်ကြီးကို ရေးဖွဲ့ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။

"မျှော်လင့်ခြင်းကို မျှားတဲ့ညနေ" ဝတ္ထုသည် ခေါင်းစဉ်မှလွဲ၍ ဝတ္ထုတစ်ပုဒ်လုံးတွင် အလွန်ရိုးရှင်းစွာ ရေးဖွဲ့ထားသည်။ ဝတ္ထုတစ်ပုဒ်လုံးတွင် အသစ်ဖန်တီးထားသော ဖွဲ့နွဲ့သော စကားအသုံးအနှုန်းများ ပြောရလောက်အောင် မပါသော်လည်း ရသမြောက်အောင် ဖန်တီးရေးဖွဲ့နိုင်သည်။

## စာပေလေ့လာဆန်းစစ်ချက်

စာပေလေ့လာဆန်းစစ်ချက် အနေဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်များ၏ ဇာတ်လမ်းဖန်တီးပုံများ၊ ရသမြောက် ဖန်တီးမှုများကို လေ့လာတင်ပြထားသော ကျမ်းများ၊ စာတမ်းများ၊ စာအုပ်များစွာ ရှိပါသည်။ ဤသုတေသနသည် အထက်ပါ သုတေသနများနှင့် ကွဲပြားကာ ရိုးဂုဏ်ကြောင့်လည်း ရသမြောက်ကြောင်း ဖော်ထုတ်တင်ပြထားသော စာတမ်းဖြစ်ပါသည်။

## နည်းနာ

သုတေသနပြုရာတွင် ချဉ်းကပ်ထားသည့် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ ရှိပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

သုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာနည်းနာအဖြစ် ဇာတ်လမ်းဖန်တီးမှုအတတ်ပညာများ၊ စကား အသုံးအနှုန်းရေးဟန်များကို အဓိကထား၍ ချဉ်းကပ်လေ့လာတင်ပြထားပါသည်။

## စာတမ်းပါဝေါဟာရဖွင့်ဆိုချက်

ဤစာတမ်းသည် အဓိကအားဖြင့် ရိုးဂုဏ်နှင့် ရသဆိုသော ဝေါဟာရနှစ်ခုအပေါ်တွင် အခြေပြုထားပါသည်။ "ရိုးဂုဏ်" ဆိုသည်မှာ ရိုးရှင်းသော ဂုဏ်အရည်အသွေးဖြစ်ပါသည်။ အလင်္ကာကျမ်းများတွင် ပုဒ်အထားအသိုရှုပ်ထွေးခြင်းမရှိ၊ အသိခက်သော စကားအသုံးအနှုန်းများမပါသော အရေးအဖွဲ့ရှိသော ရိုးဂုဏ်ကို "ပသာဒဂုဏ်" အဖြစ်ဖော်ပြပါသည်။ ဤစာတမ်းတွင် ရိုးရှင်းသော ဇာတ်လမ်းဇာတ်ဆောင်ကာလဒေသ ဖန်တီးမှု၊ ရိုးရှင်းသောစကားအသုံးအနှုန်း အရေးအသားကြောင့် ရိုးရှင်းသော ဂုဏ်အရည်အသွေးကို "ရိုးဂုဏ်" အဖြစ်သတ်မှတ်ပါသည်။ "ရသ" ဆိုသည်မှာ "သာယာသောခံစားမှု၊ ချစ်ခင်ခြင်း ရဲရင့်ခြင်းကြောက်ရွံ့ခြင်းစသော အနုပညာခံစားမှု" (မြန်ဘိ၊ စာ ၂၉၃) ဖြစ်ပါသည်။ ဤစာတမ်းတွင် အလေ့လာခံဝတ္ထုဖတ်ရှုပြီးနောက် ဖြစ်ပေါ်လာသော စိတ်ခံစားမှုအရသာကို "ရသ" အဖြစ် ရည်ညွှန်းပါသည်။

**သုတေသနနည်းနာ**

သုတေသနပြုရာတွင် သုတေသနနည်းနာအဖြစ် ဝတ္ထုတွင်ပါဝင်သောရှုပြီး အချက်အလက်များအပေါ် အခြေပြုလေ့လာခြင်းနည်းကို အခြေခံ၍ ခြုံယူဆင်ခြင်ကာ လေ့လာတင်ပြထားပါသည်။

**စိစစ်လေ့လာချက်**

မြစ်ကျိုးအင်း၏ မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ ဝတ္ထုတိုကို လေ့လာရာတွင် ဇာတ်လမ်းအကျဉ်း၊ ဇာတ်လမ်းဖန်တီးမှု၊ ဝတ္ထုတွင်ပါဝင်သော သရုပ်ဖော်အဖွဲ့များဖန်တီးမှုဟူ၍ သုံးပိုင်းခွဲခြားကာ လေ့လာတင်ပြပါမည်။

**ဇာတ်လမ်းအကျဉ်း**

ဟင်းစားအတွက် ငါးမျှားရန်ပြင်ဆင်နေသည့် ဖခင်ကိုသားငယ်က တွေ့မြင်သောကြောင့် သူပါလိုက်မည်ဟုပြောသည်။ သားသမီးများ၏ မျက်နှာတစ်ချက်အညိုးမခံသော ဖခင်ကသားဖြစ်သူကိုပါခေါ်ရန် လိုအပ်သည်များ ပြင်ဆင်ရသည်။ ဖခင်အပေါ်တွယ်တာသော သားငယ်က သူကျန်ခဲ့မည်စိုးသောကြောင့် ဖခင်အနားကမခွာတော့ပေ။ လိုအပ်သောပစ္စည်းများ စုံလင်သောအခါ အနက်ရောင်ထီးရှည်တစ်ဖက်ကကိုင်၍ သားလက်ကိုဆွဲကာ အိမ်မှထွက်လာခဲ့သည်။ ငါးမျှားတံကို မိမိအဆင်ပြေစဉ်က မိမိဆိုင်တွင် နံပြားဖုတ်သမားဖြစ်ခဲ့ဖူးသော မောင်ထွန်းအိမ်တွင်ထားသည်။ ငါးမျှားထွက်တိုင်းလည်း မောင်ထွန်းအိမ်မှ ငါးမျှားတံကို ဝင်ယူသွားလေ့ရှိသည်။

ဖခင်သည် သားသမီးများ ငယ်စဉ်က အဆင်ပြေခဲ့ဖူးသည်။ သူ့လက်ဖက်ရည်ဆိုင်က အောင်မြင်ခဲ့သည်။ နောက်ဆုံး လောကဓံအတက်အကျကြောင့် ဆိုင်ပိတ်လိုက်ရသည်။ ကြုံရာအလုပ်ကိုလုပ်၍ ဇနီးနှင့် သားသမီးများကို ဝမ်းဝစေသည်။

ငါးမျှားရန်ရေကန်ကြီးဆီသို့ သွားရာလမ်းတွင် မုန့်ဆိုင်တွေ့သောအခါ သားငယ်စားချင်သော မုန့်ဝယ်ရင်း သူ့အတွက် ဆေးပေါ့လိပ်နှင့်ကွမ်းယာဝယ်သည်။ ငါးမျှားရင်းဆေးလိပ်ဖွာရသည်မှာ စိတ်ကူးအသစ်များ ထွက်လာနိုင်သည်။ မကြာခင်ရေကန်ကြီးဆီသို့ ရောက်လာသည်။ ရေကန်ကြီးသည် အင်္ဂလိပ်ခေတ်ကတည်းက တူးထားသောရေကန်ကြီးဖြစ်သောကြောင့် ကန်ရေပြင်က ရေမှော်များ၊ ဒိုက်များဖြင့် စိမ်းမှောင်နေသည်။ ထည့်လာသည့် ပလတ်စတစ်အခင်း ထုတ်ခင်းကာ မြေပြင်တွင်တုတ်တိုတစ်ချောင်းစိုက်၍ ထီးကိုချည်ထားလိုက်သည်။ သားငယ်က ထီးရိပ်ထဲတွင်ဆီးထုပ်ကို စဖောက်နေလေပြီ။

ငါးမျှားရန် လွယ်အိတ်ထဲမှ တီဘူးကိုထုတ်ပြီး ငါးမျှားချိတ်တွင် တီတစ်ပိုင်းတပ်သည်။ ရေကန်ထဲတွင်တီလားဗီးယား နှစ်ချို့ငါးများရှိသည်။ ထိုငါးများက တီကောင်ကိုနှစ်သက်သည်။ ကန်ကကျယ်လွန်းသောကြောင့် တော်တော်နှင့်ငါးမရနိုင်။ ထို့နောက် ငါးဖျင်းသလက်နှင့်း ငါးဘဲဖြူများရရန် ငါးမျှားတံအသေးတစ်ချောင်းကို ငါးစာတပ်လိုက်သည်။

ငါးမျှားတံများ နေရာတကျရှိသောအခါ အိတ်ထဲမှာကွမ်းယာထုပ်ကို ထုတ်စားလိုက်သည်။ ငါးမျှားတံဖော့ကို သားငယ်ကပါ ဝိုင်းကြည့်ပေးသည်။ သားငယ်သည် ငါးမျှားလိုက်လာတိုင်း ခဏလောက်သာနေနိုင်သည်။ ငြိမ်ငြိမ်နေရသောကြောင့် ပျင်းပြီးအရိပ်ထဲတွင် အိပ်သွားတတ်သည်။ ညနေ

ပြန်ခါနီးနှီးမှ ထလာမြဲဖြစ်သည်။ ငါးဖျင်းသလက် သုံးလေးကောင်ခန့်ရပြီးချိန်တွင် မိုးစက်များ ကျလာသောကြောင့် သားငယ်ကိုနှိုး၍ မိုးကာဝတ်ပေးလိုက်သည်။ မိုးသံကြောင့် ငါးများကမ်းစပ်သို့ရောက်လာသည်။ ငါးတစ်ကောင်ပါလာတိုင်း သူ့သား၏ဟေးခနဲအော်သံသည် သူ့အပေါ်ထားသည့် ယုံကြည်ကိုးစားမှုဖြစ်သည်။ သားငယ်ပါလာသည့်နေ့တိုင်း အရင်နေ့များထက် ငါးပိုရချင်သည်။ သားသမီးများအတွက် ဘာမျှမလုပ်ပေးနိုင်လျှင်တောင် ယုံကြည်အားကိုးမှုတော့ သူပေးနိုင်ချင်သည်။

ထိုအချိန်တွင် ကိုင်းတံအကြီးမှ ဆတ်ခနဲဆတ်ခနဲ လှုပ်ရှားမှုကို ခံစားရသောကြောင့် အာရုံစိုက်နေရသည်။ တင်းခနဲဖြစ်သွားသောကြောင့် ငါးအတော်ကြီးသည်ဟုတွက်မိသည်။ သားငယ်၏ယုံကြည်မျှော်လင့်ချက်ကို အပျက်စီးမခံနိုင်။ ငါးကရုန်းကန်နေသောကြောင့် အလျှော့ပေးလိုက် ပြန်ဆွဲလိုက်ဖြင့် နောက်ဆုံး ငါး၏ရုန်းကန်အားကြောင့် ကိုင်းတံလွှတ်ပေးလိုက်မိသည်။ လွတ်သွားသော ကိုင်းတံကို လှမ်းဆွဲရန် အလောတကြီး ရှေ့ကိုတိုးလိုက်စဉ် ခြေဖဝါးပူခနဲ ဖြစ်သွားပြီး နာကျင်သွားသည်။ လွတ်သွားသော ကိုင်းတံကို လှမ်းဆွဲလိုက်သောအခါ ပေါ့ပါးစွာပါလာသည်။ သူ့ရင်ထဲဟာခနဲ ဖြစ်သွားသည်။ ငါးတစ်ကောင်နှင့်အားပြိုင်မှုတွင် သူရှုံးသွားခဲ့သည်။

ခြေထောက်ဒဏ်ရာကလည်း မိုးနှင့်အပြိုင်သွေးများ ဒလဟောထွက်လာသည်။ သွေးများကိုမြင်သောကြောင့် သားငယ်ကလည်း ငိုလေသည်။ ပုဆိုးအောက်နားပတ်လည်ကို ဆွဲဖြဲကာ ပတ်တီးအဖြစ်ဒဏ်ရာကိုခပ်တင်းတင်း စည်းနှောင်လိုက်သည်။ သွေးများထွက်နေသဖြင့် အိမ်ပြန်ခဲ့သည်။ သားငယ်စိတ်မကောင်းဖြစ်မည်စိုးသောကြောင့် အားတင်းကာ ခြေဖျားထောက်ပြီး လျှောက်ပြန်ခဲ့သည်။ သားငယ်ကလည်း ဖခင်ဒဏ်ရာကိုကြည့်ကာ ဖခင်ကိုသနားနေသည်။

ဒဏ်ရာနာကျင်ခြင်းထက် သားသမီး၏ အားငယ်နေရခြင်းကို ကောင်းစွာမနှစ်သိမ့်နိုင်သည့် ဖခင်တစ်ယောက်၏ နာကျင်ခြင်းဝေဒနာက ပိုပြင်းထန်သည်။ လွယ်အိတ်ထဲတွင် မျှော်လင့်ခြင်းဖြင့် လဲယူထားသော ငါးကလေးများရှိနေသည်။ သွေးစက်များကလည်း မြေလမ်းလေးထက်တွင် တစ်စက်စက်ကျကျန်ခဲ့သည်။

**ဇာတ်လမ်းဖန်တီးမှု**

မျှော်လင့်ခြင်းကို မျှားတဲ့ညနေ ဝတ္ထုတို ဇာတ်လမ်းဖန်တီးပုံမှာ အလွန်ရိုးရှင်းပါသည်။ ဝတ္ထုတွင် ဇာတ်ပျိုး၊ ဇာတ်နှိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းဟူသည့် ဝတ္ထု ဇာတ်လမ်းအင်္ဂါရပ်အပြည့်အစုံပါသည်ကို တွေ့ရပါသည်။

ဇာတ်ပျိုး - ရာသီဥတုနောက်ခံအခြေအနေ၊ သားသမီးအပေါ်ထားရှိသည့် ဖခင်တစ်ဦး၏ မေတ္တာ၊ သားငယ်လေး၏ ဖခင်အပေါ် တွယ်တာမှု၊ ငါးမျှားရန်ပြင်ဆင်ပုံ၊ ငါးမျှားထွက်လာပုံဖြင့် အစပျိုးထားသည်။

ဇာတ်နှိုး - ငါးမျှားသွားရာလမ်းတွင် ငါးမျှားတံအပ်ထားသည့်အိမ်တွင် ငါးမျှားတံ ဝင်ယူပုံ၊ မိမိ၏စီးပွားရေးအခြေအနေကြောင့် ငါးမျှားထွက်လာရကြောင်း စာဖတ်သူကိုပြောပြရင်း ဇာတ်ကိုနိုးထစေသည်။ ငါးမျှားတံအပ်ထားသည့် အိမ်ရှင်သည် ယခင်က မိမိစီးပွားရေး

ကောင်း၍ လက်ဖက်ရည်ဆိုင်ဖွင့်စဉ်က နံပြားဖုတ်သမား မောင်ထွန်း၏ အိမ်ဖြစ်ပုံ၊ သူ မောင်ထွန်းနှင့် သားငယ်လေးတို့ အပြန်အလှန် စကားပြောကြပုံ၊ လမ်းတွင်မုန့်ဆိုင်တွေ့ ၍သားငယ်လေးအား မုန့်ဝယ်ကျွေးပုံ၊ ဆေးလိပ်ကွမ်းယာဝယ်ပုံ၊ ငါးမျှားမည့်ကန်သို့ ရောက်ရှိကာကန် အနေအထားကိုပြောပြရင်း စာဖတ်သူ စိတ်ဝင်စားလာအောင် ဇာတ်ကို နှီးပေးသည်။

ဇာတ်တက် - ရေကန်ကြီးသို့ ရောက်ရှိကာ ငါးမျှားပုံသည် ဇာတ်ရှိန်ကို မြင့်တက်လာစေသည့် ဇာတ်တက်ပိုင်းဖြစ်သည်။

ဇာတ်ထွတ် - ငါးအကောင်ကြီးကြီး ငါးမျှားချိတ်တွင်မိကာ ငါမျှားတံကို ငါးကြီးနှင့် အပြန်အလှန်ဆွဲပုံ၊ ခြေထောက်တွင် ဒဏ်ရာရသွားပုံနှင့် ငါးမျှားချိတ်ကြိုးပြတ်ကာ ငါးကြီးလွတ်သွားပုံသည် ဇာတ်ရှိန်အမြင့်ဆုံး ဇာတ်ထွတ်ပိုင်းဖြစ်သည်။

ဇာတ်ဆင်း - ခြေထောက်ဒဏ်ရာမှသွေးများယိုစီးလာပုံ၊ သားငယ်လေးဝမ်းနည်းငိုကြွေးပုံ၊ ဒဏ်ရာကို အဝတ်စီးကာ သားငယ်ကိုချော့၍ ပြန်လာကြပုံသည် ဇာတ်အရှိန်ကို ပြန်၍လျော့ကျစေသည့် ဇာတ်ဆင်းပိုင်းဖြစ်သည်။

ဇာတ်သိမ်း - သားငယ်၏ လိုအင်ကို မဖြည့်ဆည်းပေးနိုင်သည့် ဖခင်တစ်ယောက်၏ နာကျင်မှုဖြင့် သားငယ်ကို လက်ဆွဲကာ ပြန်လာပုံဖြင့် ဇာတ်သိမ်းထားသည်။

ဇာတ်လမ်းဖန်တီးမှု ထူးခြားချက် -

- ဝတ္ထုတိုတစ်ပုဒ်ဖြစ်သော်လည်း ဇာတ်ပျိုး၊ ဇာတ်နှီး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း ဟူသည့် ဝတ္ထုဇာတ်လမ်းအင်္ဂါရပ်အပြည့်အစုံပါသည်။
- မြှုပ်ကွက်၊ လှည့်ကွက်၊ အဆန်းတကြယ်ဖန်တီးချက်မပါ ရိုးရှင်းစွာဖြင့် ဇာတ်လမ်းဖန်တီးကာ ရသမြောက်စေသည်။
- ဇာတ်လမ်း၏သဘောသည် တဖြည်းဖြည်းဇာတ်ရှိန်မြင့်တက်ကာ ဇာတ်ထွတ်သို့ရောက်ပြီး နောက် ဇာတ်ဆင်းပိုင်းသည် ရှည်မျောမနေသင့်ဘဲ ဇာတ်သိမ်းရသည်။

ဤဝတ္ထုတွင် ဝတ္ထုရေးဆရာသည် ဤသဘောတရားကို အမိအရဆုပ်ကိုင် ဖန်တီးထားသည်။ ရိုးရှင်းစွာ ရေးဖွဲ့ဖန်တီးနိုင်သည့် ရိုးဂုဏ်ကပင် ဤဝတ္ထုကို ရသမြောက်စေခဲ့ပါသည်။

**ဝတ္ထုတွင်ပါဝင်သော သရုပ်ဖော်အဖွဲ့များ ဖန်တီးမှု**

မျှော်လင့်ခြင်းကိုမျှားတဲ့ညနေ ဝတ္ထုတွင်ပါဝင်သော သရုပ်ဖော်အဖွဲ့များ လေ့လာရာတွင် ဖခင်မေတ္တာသရုပ်ဖော်အဖွဲ့၊ သားငယ်၏ မေတ္တာသရုပ်ဖော်အဖွဲ့၊ ငါးမျှားရာကာလဒေသ နောက်ခံသရုပ်ဖော် အဖွဲ့ဟူ၍ ခွဲခြားကာ လေ့လာတင်ပြပါမည်။

**ဖခင်မေတ္တာ သရုပ်ဖော်အဖွဲ့**

မျှော်လင့်ခြင်းကို မျှားတဲ့ညနေ ဝတ္ထုမှ ဖခင်မေတ္တာသရုပ်ဖော်အဖွဲ့ဖန်တီးရာတွင် ရိုးရှင်းသော စကားအသုံးအနှုန်းများဖြင့် ရသမြောက်အောင် ဖန်တီးနိုင်စွမ်းရှိသည်ကို တွေ့ရသည်။

သာဓက-

- ငိုမဲ့မဲ့မျက်နှာဖြင့် ပြောလိုက်သော သားငယ်၏ ဟန်ပန်ကြောင့် **သူ ဆက်ပြီး မတားမြစ်ချင်တော့ပေ**။ (စာ ၁၉)
- အလိုပြည့်သွားသဖြင့် ပြုံးရွှင်သွားသော မျက်နှာသည် **သူ့အမြဲမြင်ချင်သော မြင်ကွင်း**သာ ဖြစ်သည်။ (စာ ၁၉)
- သားသမီးများနှင့်ပတ်သက်လျှင် **အလွယ်တကူ အလိုလိုက်မိတတ်သည်မှာ သူ၏အားနည်းချက်**လည်း ဖြစ်သည်။ (စာ ၁၉)
- တစ်ခုခု ပူဆာတိုင်းလည်း **မဖြည့်ဆည်းပေးနိုင်မချင်း သူ့စိတ်ထဲတွင် မည်သို့ဖြည့်ဆည်းပေးနိုင်မလဲ** ဟုသာ **အချိန်တိုင်း တွေးနေ**တတ်ခဲ့၏။ (စာ ၁၉-၂၀)
- ငယ်စဉ်ကတည်းက ဖခင်မဲ့သူ ဖြစ်ခဲ့ရသောကြောင့် **သူ့သားသမီးများအလှည့်တွင် ဘာမဆို အလိုလိုက်ချင်စိတ် အမြဲရှိခဲ့**သည်။ (စာ ၂၁)
- တခြားအလုပ် ရှာမရ၍ ငါးမျှားထွက်ခဲ့ရသော်လည်း **သူ့သားသမီးများ အားငယ်မှာစိုးတာကြောင့် မောင်ထွန်းအိမ်တွင်သာ ငါးမျှားတံတွေ သိမ်းထားလေ့ရှိ**၏။ (စာ ၂၁)
- **အရွယ်ရောက်နေသော သူ့သားသမီးများ ရှက်ရွံ့အားငယ်မှာကို မလိုလား**ပေ။ (စာ ၂၁)
- ကိုင်းတံအသေးမှ ငါးဖျင်းသလက်သုံးလေးကောင်ခန့် ရပြီးချိန်တွင် မိုးစက်များ ကျလာတာကြောင့် **သားငယ်ကိုနှိုးပြီးမိုးကာဝတ်ပေး**လိုက်သည်။ (စာ ၂၃)
- ငါးတစ်ကောင်ပါလာတိုင်း **သူ့သား၏ ပျော်ရွှင်စွာ ဟေးခနဲ အော်သံသည် သူ့အပေါ်ထားသည့် ယုံကြည်ကိုးစားမှု**ဖြစ်သည်။ (စာ ၂၃)
- သားငယ်ပါလာသည့်နေ့တိုင်း **အရင်နေ့များထက် ငါးပိုရချင်**သည်။ (စာ ၂၃)
- သားသမီးများအတွက် **ဘာမျှ မလုပ်ပေးနိုင်လျှင်တောင် ယုံကြည်အားကိုးမှုတော့ သူပေးနိုင်ချင်**သည်။ (စာ ၂၄)
- **သူ့သား၏ယုံကြည်မျှော်လင့်ချက်ကို အပျက်အစီးမခံနိုင်**။ (စာ ၂၅)
- **သားငယ်စိတ်မကောင်းဖြစ်မှာစိုး၍ ခြေဖဝါးမှ တစစ်စစ်ကိုက်လာသော ဒဏ်ရာကို အားတင်းကာ ခြေဖျားထောက်ပြီး လျှောက်ပြန်လာ**ခဲ့သည်။ (စာ ၂၇)
- **ပြတ်ရှဒဏ်ရာမှ နာကျင်ခြင်းထက်ပိုသော နာကျင်မှုသည် ရင်ထဲမှာ ဖြစ်ပေါ်**နေ၏။ (စာ ၂၇)
- ထိုနာကျင်ခြင်းမှာ **သားသမီး၏ အားငယ်နေရခြင်းကို ကောင်းစွာ မနှစ်သိမ့်နိုင်သည့် ဖခင်တစ်ယောက်၏ နာကျင်မှုမျိုး**ဖြစ်သည်။ (စာ ၂၇)

ဤဝတ္ထုတိုတွင် ဖခင်၏ သားသမီးများအပေါ်ထားရှိသော မေတ္တာကို စာရေးသူက ရိုးရှင်း သော စကားအသုံးအနှုန်းများဖြင့် ပေါ်လွင်အောင် သရုပ်ဖော်ထားကြောင်း တွေ့ရပါသည်။ သားသမီးများ၏

လိုအင်များကို ဖြည့်ပေးချင်သောမေတ္တာကို တွေ့ရပါသည်။ ထို့ပြင်သားသမီးများကို မျက်နှာ မငယ်စေချင်သောကြောင့် ငါးမျှားတံကိုပင် မောင်ထွန်းအိမ်တွင်ထားကာ ငါးမျှားသည့် အချိန်မှဝင်ယူတတ်သည့် သားသမီးများ မျက်နှာမငယ်စေလိုသော ဖခင်၏မေတ္တာကို ထင်ရှားစွာတွေ့ရပါသည်။ ငါးမျှားရာတွင် သားငယ်က လိုက်မည်ဆိုသောကြောင့် မိုးရာသီဖြစ်၍ သားငယ်အတွက် မိုးကာပါ ယူဆောင်သောကြောင့် သားသမီးများအတွက် အစစအရာရာ အလေးအနက်ထားတတ်သော ဖခင်မေတ္တာသဘောကို ပေါ်လွင်စေသည်။ စာရေးသူသည် ဖခင်မေတ္တာကို သရုပ်ဖော်ရာတွင် ရိုးရှင်းသော အသုံးအနှုန်း၊ ရိုးဂုဏ်ဖြင့် သန္တရသပေါ်လွင်အောင် ရေးသားထားကြောင်းတွေ့ရှိရပါသည်။

ထို့ပြင် စီးပွားရေးအဆင်ပြေစဉ်က သားသမီးများအတွက် ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ စီးပွားရေး အဆင်မပြေသောအချိန်တွင်လည်း ရရာအလုပ်လုပ်၍ ဇနီးနှင့်သားသမီးများကို မျက်နှာမငယ်ရအောင် စွမ်းဆောင်ခဲ့သည်။ ငါးမျှားထွက်လာသည်မှာလည်း အပျော်ထွက် လာခြင်းမဟုတ်။ ဟင်းစားရလိုရငြားအတွက် ထွက်လာခဲ့ခြင်းဖြစ်သည်။ ငါးမျှားရာတွင် သားငယ်ပါ ပါလာသောကြောင့် သူသည် သားငယ်၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးချင်သည်။ သူသာ သားငယ်အတွက် အားကိုးအားထားပြုရာဖြစ်စေချင်သည့် သားသမီးများအပေါ် ဖခင်မေတ္တာ ပြည့်ဝရုံသာမက ပိုလွန်နေသော ကြည်နူးဖွယ် ဖခင်မေတ္တာကို တွေ့ရပါသည်။

ဖခင်မေတ္တာကို ဘာသာစကားအသုံးများဖြင့် သရုပ်ဖော်ရာတွင် အကောင်အထည်ပြ စကားလုံးများ၊ ဝိသေသစကားလုံးများ၊ လှုပ်ရှားမှုပြစကားလုံးများ၊ ဖြစ်ရပ်အခြေ အနေပြစကားလုံးများ၊ အပြောသုံးစကားလုံးများကိုသုံး၍ ရေးသားထားရာ ထိုရိုးရှင်းသောအသုံး ရိုးဂုဏ်ကပင် ရသမြောက်စေကြောင်း လေ့လာတွေ့ရှိရပါသည်။

**သားငယ်ကလေး၏ မေတ္တာသရုပ်ဖော်အဖွဲ့**

မျှော်လင့်ခြင်းကို မျှားတဲ့ညနေ ဝတ္ထုမှ သားငယ်ကဖခင်အပေါ်ထားသော မေတ္တာသရုပ်ဖော်အဖွဲ့ ဖန်တီးရာတွင် ရိုးရှင်းသော စကားအသုံးအနှုန်းများဖြင့် ရသမြောက်အောင် ဖန်တီးနိုင်စွမ်းရှိသည်ကို တွေ့ရသည်။

သာဓက-

- သားငယ်က သူကျန်ခဲ့မှာစိုးရိမ်နေဟန်ဖြင့်အနားမှ မခွာတော့ပေ။ (စာ ၁၉)
- သားက ဖေဖေ့ကို ငါးလိုက်သယ်ပေးတာ။ (စာ ၂၀)
- ဖေဖေဆီးထုပ်စားမလား။ (စာ ၂၃)
- သားငယ်ကတော့ အကြီးအသေး မခွဲဘဲ ငါးတစ်ကောင်ရတိုင်း ပျော်ရွှင်နေသဖြင့် အသေးတွေသာရသော်လည်း သူကျေနပ်နေရသည်။ (စာ ၂၄)
- ဖေဖေ ငါးကြီးမိပြီကွ ... ဟေး ဖေဖေငါးကြီးမိပြီ။ (စာ ၂၄)
- သားငယ်ကတော့ ငါးမျှားကြိုးပြတ်စလေးကိုသာ ငေးကြည့်နေသည်။ (စာ ၂၆)
- ဖေဖေ သွေးတွေ ... ဖေဖေ ဘာဖြစ်တာလဲ။ (စာ ၂၆)

- သားငယ်က ပြောရင်း သူ့အနားရောက်လာသည်။ (စာ ၂၆)
- မရပ်မနားထွက်လာသော သွေးများကို မြင်သဖြင့် သားငယ် ငိုလေတော့သည်။ (စာ ၂၆)
- အရမ်းနာနေလား ဖေဖေ။ (စာ ၂၆)
- သူ့ခြေထောက်ကို ငုံ့ငုံ့ကြည့်ရင်းသားငယ်မျက်နှာနွမ်းနွမ်းလေး ဖြစ်နေ၏။ (စာ ၂၇)
- သူ့လက်ကို တင်းတင်းဆုပ်ကိုင်ထားသော လက်ကလေးမှာလည်း အေးစက်နေသည်။ (စာ ၂၇)
- သူနာကျင်မည်ထင်ပြီး သူ့မျက်နှာကို ခဏခဏ မော့ကြည့်နေသော သားငယ်မျက်ဝန်း သည် မျက်ရည်စက်များကြောင့် ရွှန်းလဲ့နေ၏။ (စာ ၂၇)
- သားငယ်ကတော့ သူ့ခြေထောက်မှ ဒဏ်ရာနှင့် မျက်နှာမှ နာကျင်ဟန်ကို ညှိုးငယ်နေသော မျက်ဝန်းများဖြင့် တစ်လှည့်စီ မော့ကြည့်နေလေသည်။ (စာ ၂၇)

ဟူ၍တွေ့ရပါသည်။

သားငယ်က ဖခင်အပေါ်ထားသော မေတ္တာ၊ ဖခင်နှင့်သားငယ်၏ အပြန်အလှန်မေတ္တာတို့ကို ပေါ်လွင်အောင် သရုပ်ဖော်ထားသည်။ ဖခင်ကလည်း သားသမီးများအပေါ် ဖခင်မေတ္တာအပြည့်ထား သောကြောင့် သားသမီးများကလည်း ဖခင်အပေါ်အားကိုးသည်၊ တွယ်တာသည်။ သားငယ်၏ အပြော စကားများ၊ စာရေးသူ၏ အပြောစကားများတွင် ရိုးရှင်းသော အသုံးအနှုန်းများသုံးထားပြီး သားငယ်၏ ဖခင်အပေါ်တွယ်တာတတ်သော မေတ္တာကို ကြည်နူးဖွယ်သဏ္ဍာရသကို ခံစားရစေသည်။

ထို့ပြင် ဖခင်ခြေထောက်တွင် ဒဏ်ရာရသောကြောင့် စိုးရိမ်ပူပန်နေသော သားငယ်၏ မေတ္တာကို ရိုးရှင်းသော အသုံးများဖြင့် ကရုဏာသက်ဖွယ် သရုပ်ဖော်ထားသည်။ "သူ့ခြေထောက်ကို ငုံ့ငုံ့ကြည့်"၊ "သားငယ်မျက်နှာခပ်နွမ်းနွမ်း"၊ "လက်ကလေးမှာအေးစက်နေ"၊ "သူ့မျက်နှာကို ခဏခဏမော့ကြည့်"၊ "သူ့ခြေထောက်မှ ဒဏ်ရာနှင့် မျက်နှာမှနာကျင်ဟန်ကို ညှိုးငယ်သော မျက်ဝန်းများဖြင့် တစ်လှည့်စီ မော့ကြည့်" ဟူသော တန်ဆာဆင်မှုမပါသည့် ရိုးရှင်းသော ရေးဟန်ကြောင့် သားငယ်နှင့် ဖခင်၏ အပြန်အလှန်မေတ္တာထားပုံကို သရုပ်ဖော်ထားသည်မှာ သဏ္ဍာရသ၊ ကရုဏာရသ မြောက်ပါ သည်။

**ကာလ ဒေသနောက်ခံ သရုပ်ဖော်အဖွဲ့**

ငါးမျှားထွက်ရာ ကာလကို သရုပ်ဖော်ရာတွင်

- အုံ့ဆိုင်းနေသော မိုးသားတိမ်လိပ်များကြောင့် မကြာခင် မိုးရွာနိုင်သည်ဟု ခန့်မှန်းမိလိုက်သည်။ (စာ ၁၉)
- သားငယ်အတွက် မိုးကာအင်္ကျီတစ်ထည်ပါ ထည့်လိုက်၏။ (စာ ၂၀)
- အနက်ရောင်ထီးအရှည်ကို လက်တစ်ဖက်ကကိုင်ကာ--- (စာ ၂၀)
- မိုးစက်များကျလာတာကြောင့် သားငယ်ကိုနှိုးပြီး မိုးကာဝတ်ပေးလိုက်သည်။ (စာ ၂၃)
- မိုးစိုသော်လည်း ငါးမျှားနေချိန် မိုးရွာလျှင် သူကျေနပ်သည်။ (စာ ၂၃)

ဟူ၍တွေ့ရပါသည်။ စာရေးဆရာ မြစ်ကျိုးအင်း၏ ဤဝတ္ထုတိုရေးဟန်တွင် တန်ဆာဆင်မှုမပါဘဲ အပြောသုံးစကားလုံးများဖြင့် ရိုးရှင်းစွာရေးသားထားသည်ကို တွေ့ရပါသည်။ မိုးရာသီနှင့် သက်ဆိုင်သော

“အုံ့ဆိုင်းနေသော မိုးသားတိမ်လိပ်”၊ “မိုးရွာနိုင်”၊ “မိုးကာအင်္ကျီ”၊ “ထီး”၊ “မိုးရွာ”၊ “မိုးစို”၊ “မိုးစက်” ဟူသည့် ရိုးရှင်းသော အသုံးများကြောင့် ရာသီမှာ မိုးရာသီဖြစ်ကြောင်း သိသာပေါ်လွင်စေပါသည်။

ထို့ပြင် အချိန်အားဖြင့်

- ကဲ သွားပြီဟေ့ ညနေ အပြန်မှပဲ ဝင်တော့မယ်။ (စာ ၂၁)

ဟူသော ပြောစကားအရ ငါးမျှားထွက်သည့်အချိန်မှာ ညနေခင်း အစောပိုင်းအချိန်ဖြစ်ကြောင်း ပေါ်လွင်စေသည်။

ဒေသနောက်ခံကို သရုပ်ဖော်ရာတွင်

- ထိုလမ်းသည် သန်လျင်ဘီအိုစီ ရေနံချက်စက်ရုံ၏ ရေကန်ကြီးများ ရှိရာသို့ သွားသောလမ်းကလေး ဖြစ်၏။ (စာ ၂၀)

ဟူ၍ ဖော်ပြထားသောကြောင့် ဒေသနောက်ခံသည် သန်လျင်မြို့ဖြစ်ကြောင်း ရိုးရှင်းသော အရေးအသားများက ဖော်ပြနေသည်။

ငါးမျှားရာ ရေကန်သို့ သွားရာပတ်ဝန်းကျင်နောက်ခံကို သရုပ်ဖော်ရာတွင်-

- ကတ္တရာလမ်းမကြီးအတိုင်းလျှောက်လာရင်း ရပ်ကွက်အဆုံးတွင် လမ်းဘေးဘယ်ဘက်ကို ချိုးကွေ့ကာ မြေနီလမ်းကလေးထဲ လျှောက်ဝင်လာသည်။ (စာ ၂၁)
- ထိုလမ်းသည် သန်လျင်ဘီအိုစီ ရေနံချက်စက်ရုံ၏ ရေကန်ကြီးများ ရှိရာသို့ သွားသောလမ်းကလေး ဖြစ်၏။ (စာ ၂၁)
- ဤလမ်းသွယ်ထဲတွင် မောင်ထွန်းအိမ်ရှိသည်။ (စာ ၂၁)
- မောင်ထွန်းကို အိမ်ရှေ့အရောက်တွင် ခြံဝမှ လှမ်းပြီး အသံပြုလိုက်သည်။ (စာ ၂၁)
- မောင်ထွန်း အိမ်အတွင်းပိုင်း ပြန်ဝင်သွားပြီး တာလပတ်စကို အိတ်ချုပ်ကာ ထည့်ထားသော ငါးမျှားတံများ ယူလာပေးသည်။ (စာ ၂၁)
- မောင်ထွန်း၏ အိမ်သည် ကတ္တရာလမ်းမမှ ချိုးဝင်ကာစ နေရာတွင် ရှိသည့်အပြင် ရေကန်များ ဆီသွားသည့် လမ်းပေါ်တွင် ရှိတာကြောင့် ငါးမျှားတံများကို မောင်ထွန်းအိမ်တွင်သာ အပ်ထား လေ့ရှိ၏။ (စာ ၂၁)

ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။ “ကတ္တရာလမ်းမကြီး”၊ “ရပ်ကွက်အဆုံး”၊ “လမ်းဘေး ဘယ်ဘက်”၊ “မြေနီလမ်းကလေး”၊ “ရေကန်ကြီးများ ရှိရာသို့ သွားသောလမ်း”၊ “လမ်းသွယ်”၊ အိမ်ရှေ့”၊ “အသံပြု”၊ “အိမ်အတွင်းပိုင်း” ဟူသည့် အသုံးများကြောင့် စာရေးသူနောက်သို့ စာဖတ်သူပါ လိုက်ပါသွား သကဲ့သို့ ဖြစ်စေသည်။ ဝိသေသစကားလုံးများ၊ အပြောသုံးစကားလုံးများကြောင့် ရိုးဂုဏ်ဖြင့်ငါးမျှား သွားရာလမ်း၏ သရုပ်ကိုပီပြင်စေသည်။

ထို့ပြင် ရေကန်ပတ်ဝန်းကျင်ကို သရုပ်ဖော်ရာတွင်-

- ဒီကန်မှာက နှစ်ချို့ငါးများ ရှိသည်။ (စာ ၂၂)
- အင်္ဂလိပ်ခေတ်ကတည်းက တူးထားတဲ့ကန် ဖြစ်တာကြောင့် ရေမှော်များ၊ ဒိုက်များ၊ ကြာပင်များဖြင့် ကန်ရေပြင်က စိမ်းမှောင်နေ၏။ (စာ ၂၂)
- ဤရေကန်ထဲတွင် တီလားဗီးယားနှစ်ချို့ငါးများ ရှိသည်။ (စာ ၂၂)
- တော်ရုံလူ လာမျှားလေ့ မရှိတာကြောင့် ငါးများက တိုးပွားနေသည်။ (စာ ၂၂)
- သို့သော် ကန်ကကျယ်လွန်းတာကြောင့် အချိန်မြန်မြန်နှင့် သူ ငါးရဖို့ မသေချာ။ (စာ ၂၂)
- ဘီအိုစီရေနံချက်စက်ရုံမှ တူးထားသော နှစ်ချို့ရေကန်ဖြစ်တာကြောင့် ရေထဲတွင် သံပိုက်လုံး အပြတ်များ၊ ရေတိုင်ကီအဆွေးများ ရှိနေသည်ကို သိထားလျက်နှင့် ငါးဇောကြောင့် သူ သတိ တစ်ချက်လွတ်သွားချိန် ရှသွားခြင်းဖြစ်သည်။ (စာ ၂၆)

ဟူ၍ တွေ့ရပါသည်။ “ငါး၊ တီလားဗီးယားငါး၊ ငါးဖျင်းသလက်၊ ငါးဘဲဖြူ၊ နှစ်ချို့ငါး၊ တီလားဗီးယား နှစ်ချို့ငါး၊ ရေကန်၊ နှစ်ချို့ရေကန်” ဟူသော ယေဘုယျသဘောမှ ဝိသေသသဘော ရွေ့လျောသုံးနှုန်း ပုံများကလည်း ရိုးရှင်းသည်။ ထို့ပြင် “ရေမှော်၊ ဒိုက်၊ ကြာပင်၊ သံပိုက်လုံး၊ ရေတိုင်ကီ အဆွေးများ”ဟု ရေးသားထားသောကြောင့် ရေကန်၏ စိမ်းမှောင်နေပုံ၊ ရေကန်ကြီးမားပုံ၊ ရေနက်ပုံများကို ပို၍ပေါ်လွင်စေသည်။

သရုပ်ဖော်အဖွဲ့များပါ စကားလုံးများ၊ စကားအသုံးအနှုန်းများ၊ ဝါကျများတွင် အလင်္ကာအဆင် တန်ဆာဆန်းကြွယ်သောအသုံးအနှုန်းများကို မတွေ့ရ။ ရိုးရှင်းသော နေ့စဉ်သုံးစကားများဖြင့်သာရေးဖွဲ့ ထားသည်။

ဝတ္ထုတွင် ပါဝင်သော အဓိကသရုပ်ဖော်အဖွဲ့များဖြစ်သည့် ဖခင်၏ မေတ္တာသရုပ်ဖော် အဖွဲ့များ၊ သားငယ်က ဖခင်အပေါ်တွယ်တာပုံ သရုပ်ဖော်အဖွဲ့များ၊ သား၏မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးချင်သော ဖခင်၊ ဖခင်ကို ငါးရစေချင်သော သား၏မျှော်လင့်ချက်ပျောက်သွားပုံ၊ ဖခင်ကလည်း သား၏ မျှော်လင့်ချက်ကို မဖြည့်ဆည်းပေးနိုင်ပုံ အဖွဲ့များသည် ရိုးရှင်းပြီး သဏ္ဌာရသ၊ ကရုဏာရသမြောက်အောင် ဖန်တီးထားသော အဖွဲ့များဖြစ်သည်။

စာရေးသူကသူ၏ဝတ္ထုတိုများနှင့် ပတ်သက်၍ “ကျွန်တော်က ဝတ္ထုတိုပဲ အရေးများပါတယ်။ ရေးတဲ့အခါလည်း အကြောင်းအရာတစ်ခုခု၊ လွှဲချော်နေတဲ့ စနစ်တစ်ခုခု ကိုစိတ်ထဲမှာ အစအဆုံး ဇာတ်အိမ်တည်ပြီးမှ တစ်ခါတည်းချရေးဖြစ်ခဲ့တာချည်းပါပဲ။ မြင်တွေ့ရသမျှ မြင်ကွင်းတွေကို စိတ်နှလုံး သားထဲအထိ ခံစားမိအောင်ကြည့်ပြီး ရေးဖြစ်တာများတယ်” (မြန်မာ့အလင်း သတင်းစာ၊ ၁၄-၁၁-၂၀၁၉၊ စာ ၉) ဟု ပြောကြားခဲ့သည်။

## သုတေသနရလဒ်နှင့် သုံးသပ်ချက်

ဝတ္ထုတိုကောင်းတစ်ပုဒ်သည် အကြောင်းအရာ တစ်ခုတည်းကို ဦးတည်ရမည်၊ ဇာတ်ဆောင်နည်း ရမည်၊ အရေးအသား ရိုးရှင်းသွက်လက်ရမည်။ သားအဖနှစ်ယောက်၏ မေတ္တာကိုဦးတည်သည်။

ဇာတ်ဆောင် သုံးဦးသားပါဝင်သည် (ဖခင်၊ သားငယ်နှင့် မောင်ထွန်း)။ အရေးအသား ရိုးရှင်းသွက်လက်သည်။

ဝတ္ထုဖန်တီးမှုအတတ်ပညာကို ရိုးရှင်းစွာ အသုံးပြု၍ အနုပညာနှင့် စိတ်ခံစားမှု ဟန်ချက်ညီစွာ ရောမွှေထားသည်။ ဤဝတ္ထုကိုဖတ်ရှုရာတွင် အလွန်ရိုးရှင်းပြီး ဝတ္ထုဖတ်ပြီးနောက် ထူးခြားမှုတစ်ခုခုကို ခံစားရစေသည်။ တစ်နည်းအားဖြင့် စာရေးသူဖန်တီးထားသည့် ရိုးဂုဏ်ကပင် ဤဝတ္ထုကို ရသမြောက်စေသည်။

ဝတ္ထုတိုဖန်တီးမှုနှင့်ပတ်သက်၍ ဆရာမြစ်ကျိုးအင်းက အမျိုးသားစာပေဆုရ အင်တာဗျူးတွင် "ဝတ္ထုတိုဆိုတာ ကန့်သတ်ထားတဲ့စာမျက်နှာပေါ်မှာ အကန့်အသတ်မရှိတဲ့ ဇာတ်အိမ်တွေ အတွေးတွေကို ကျစ်ကျစ်လျစ်လျစ် ဖြန့်ခင်းပြရတာကြောင့် စိန်ခေါ်မှုတစ်ခုပါပဲ။ စာလုံးရေးနည်းနည်းနဲ့ စာဖတ်သူရင်ကို ပြင်းပြင်းထိရှစေဖို့ အားထုတ်ရတာကြောင့် ဝတ္ထုတိုတွေကို သိပ်ကြိုက်မိပါတယ်" (မြန်မာ့အလင်းသတင်းစာ၊ ၁၄-၁၁-၂၀၁၉၊ စာ ၉) ဟုပြောကြားခဲ့သည်။

ထို့ကြောင့် ဤဝတ္ထုသည် ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်နှင့် ကာလဒေသသရုပ်ဖော် အဖွဲ့တို့တွင် ရိုးရှင်းပြီး စာဖတ်သူ၏ စိတ်နှလုံးကို ထိခိုက်ခံစားအောင် ရေးဖွဲ့နိုင်ကြောင်း၊ ရိုးဂုဏ်ကြောင့် ရသမြောက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် မြစ်ကျိုးအင်း၏ "မျှော်လင့်ခြင်းကိုများတဲ့ညနေ" ဝတ္ထုတွင် ဆန်းသစ်သော စကားလုံးများ၊ လှည့်ကွက်များ၊ တန်ဆာခြင်းများမရှိဘဲ ရိုးဂုဏ်ဖြင့် ရသမြောက်အောင် ဖန်တီးမှုကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထို့အတူပင် အခြားစာရေးဆရာများ၏ ရိုးရှင်းသော အသုံးများဖြင့် ရသမြောက်အောင် ရေးဖွဲ့ထားသော စာများကိုလည်း ဆက်လက်လေ့လာ နိုင်ပါသေးသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၇)။ ***ဂုဏ် အလင်္ကာ ရသ သင်ကြားရေး***။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ ရာပြည့်စာပေ။

မိုးမြေ၊ **မ**။ (၂၀၁၅)။ ***ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ (ဒုကြိမ်)***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မြစ်ကျိုးအင်း။ (၂၀၁၈)။ ***မျှော်လင့်ခြင်းကိုများတဲ့ညနေ*** (ရသဝတ္ထုတိုစု)။ ရန်ကုန်၊ မဟာစာပေ။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်***။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန။

မြန်မာ့အလင်းသတင်းစာ။ ၁၄-၁၁-၂၀၁၉။